## ပါစကားကာလ ဒုတိယတနင်္ဂနွေနေ့

ရှင်ယောဟန် ၂၀း၁၉ - ၃၁

ယနေ့ဖတ်ရတဲ့ ဧဝံဂေလိကျမ်းစာမှာ ယေဇူးဘုရားရှင်က "အကြင်သူ၏အပြစ်များကို သင်တို့ ခွင့်လွှတ်လျှင် ထိုအပြစ်များသည် ခွင့်လွှတ်ခြင်းခံရ၏။ အကြင်သူ၏အပြစ်များကို သင်တို့ တည်စေလျှင် ထိုအပြစ်များသည် တည်လျက်ရှိ၏။" လို့ မိန့်တော်မူထားပါတယ်။ ဘုရားသခင်ကသာ အပြစ်တွေကို ခွင့်လွှတ်ပိုင်ခွင့်ရှိပါတယ်။ အခု ယေဇူးဘုရားရှင်က အပြစ်ခွင့်လွှတ်ပိုင်ခွင့်အာဏာကို တပည့်တော်ကြီးတွေရရှိနိုင်စေဖို့ ဝိညာဉ်တော်ဘုရားကို သူတို့အပေါ်သို့ မှုတ်သွင်းခြင်းဖြင့် အခွင့်အာဏာပေးခဲ့ပါတယ်။ ဒီလိုနည်းအားဖြင့် အာပတ်ဖြေခြင်း စက္ကရမင်တူးကို တည်ထောင်တော်မူခဲ့ပါတယ်။ ဒါဟာ ယေဇူးဘုရားရှင်က စကားမှားသွားတာလဲ မဟုတ်ပါဘူး။ ရှင်မာတေဦး ၁၆း၁၉ မှာတုန်းကလည်း တပည့်တော်ကြီး ရှင်ပေတရုကို
" ကမ္ဘာမြေကြီးပေါ်တွင် သင်ချည်နှောင်သမျှသည် ကောင်းကင်ဘုံ၌ ချည်နှောင်လျက်ရှိလိမ့်မည်။ ကမ္ဘာမြေကြီးပေါ်တွင် သင်ဖြေလွှတ်သမျှသည်လည်း ကောင်းကင်ဘုံ၌ဖြေလွှတ်လျက် ရှိလိမ့်မည်" လို့ ယေဇူးဘုရားရှင်က မိန့်တော်မူထားတာကို တွေ့ရပါတယ်။ နောက်ပြီး ရှင်မာတေဦး ၁၈း၁၈ မှာ ကမ္ဘာမြေကြီးပေါ်တွင် သင်တို့ချည်နှောင်သမျှသည် ကောင်းကင်ဘုံ၌ ချည်နှောင်လျက်ရှိလိမ့်မည်။ ကမ္ဘာမြေကြီးပေါ်တွင် သင်တို့ဖြေလွှတ်သမျှသည်လည်း ကောင်းကင်ဘုံ၌ဖြေလွှတ်လျက် ရှိလိမ့်မည်"လို့ ထပ်မံ မိန့်တော်မူထားပြန်တယ်။ ဒါကြောင့် အပြစ်ခွင့်လွှတ်ပေးပိုင်တဲ့အာဏာကို အသင်းတော်အား ပေးအပ်ခဲ့ကြောင်း ထင်ရှားပါတယ်။

ဒါဟာ ဘုရားသခင်က လူတွေကို ဘယ်လောက်ချစ်ကြောင်း ဆက်လက် သက်သေပြနေတာပါပဲ။ အသင်းတော်ကလည်း ဒီအာဏာကိုကိုင်ထားပြီး လုပ်စားနေတာ မဟုတ်ပါဘူး။ ဘုရားသခင်ရဲ့ခွင့်လွှတ်ခြင်းကျေးဇူးတော်ကို လူတိုင်းခံစားရအောင် အာပတ်ဖြေ နားထောင်ပေးခြင်းအားဖြင့် လူတွေကို အစေခံနေရပါတယ်။ ရဟန္တာ စိန်ဂျွန်းမာရီဗေယာနီဆိုတဲ့ ရဟန်းတစ်ပါးက တစ်နေ့ကို နာရီပေါင်းများစွာ အာပတ်ဖြေနားထောင်ပေးခဲ့တယ်ဆိုတာ သိရပါတယ်။ အကြိမ် ခုနှစ်ဆယ်ခုနှစ်လီ ခွင့်လွှတ်ဖို့၊ ကြိမ်ဖန်များစွာ ခွင့်လွှတ်ဖို့ သင်ပေးတဲ့ဘုရားသခင်က သင် အာပတ်ဖြေလာတိုင်း ခွင့်လွှတ်နေပါတယ်။ မောင်းမထုတ်ပါဘူး။ ပျောက်သောသားကို အဖေက ပွဲဖော်ပြီး ကြိုဆိုသလိုပေါ့။ ဒါကြောင့် အခုလို ပါစကားကာလ ဒုတိယတနင်္ဂနွေနေ့မှာ ဂရုဏာရှင်ယေဇူးပွဲကို ကျင်းပစေတာပါ။ သင့်အပြစ်တွေကို ကြိမ်ဖန်များစွာခွင့်လွှတ်ပေးရတာကို ပျော်နေတဲ့ဘုရားရဲ့ သနားဂရုဏာကို သိမှတ်ကြစေဖို့ ဂရုဏာရှင်ယေဇူးပွဲကို ကျင်းပစေပါတယ်။

သင့်အပြစ်တွေအတွက် လက်ဝါးကားတိုင်ပေါ်မှာ ဒုက္ခပေါင်းစုံ ခံထမ်းနိုင်တဲ့ဘုရားက သင့်အပြစ်ကို ခွင့်လွှတ်ဖို့ဆိုတာလောက်တော့ ပိုလွယ်တာပေါ့။ ကားတိုင်ပေါ်မှာ ဒုက္ခခံနေစဉ်အချိန်မှာတောင် သူ့ကို သတ်တဲ့လူတွေရဲ့အပြစ်ကို ခွင့်လွှတ်ဖို့ ဘုရားသခင်ထံ တောင်းလျှောက်ပေးခဲ့တယ် မဟုတ်ဘူးလား။ "အိုအဖ၊ သင်တို့ လုပ်တာကို သူတို့ မသိကြသောကြောင့် သူတို့ကို ခွင့်လွှတ်တော်မူပါ။" ဒါကြောင့် ဘုရားဘက်ကတော့ ခွင့်လွှတ်ပေးရတာ လွယ်ပါတယ်။ သင့်ဘက်ကသာ အာပတ်ဖြေဖို့ မလာချင်နေတာကတော့ နတ်ဆိုးက နှောက်ယှက်ထားတာ

ခံနေရလို့ပါပဲ။ "အခု အာပတ်ဖြေလည်း နောက်တစ်ခါ အပြစ်ထပ်လုပ်အုံးမှာပါပဲကွာ။ နောက်တစ်ခါ အပြစ်ထပ်လုပ်အုံးမှာကို သိသိကြီးနဲ့ အာပတ်ဖြေရတာကလည်း ဘုရားကို လိမ်နေရသလိုပဲ" လို့ သင် ထင်နေရင် မှားမှာပေါ့။ သင် နောက်တခါ အပြစ်ထပ်လုပ်အုံးမှာပဲဆိုတာ ဘုရားသခင်က သိထားပြီးသားဖြစ်လို့ကို အကြိမ် ခုနှစ်ဆယ်ခုနှစ်လီ ခွင့်လွှတ်ဖို့ မိန့်တော်မူထားတာပေါ့။ သင့်အတွက် ကားတိုင်ပေါ်မှာ အသေခံတာတောင် မခက်တဲ့ဘုရားသခင်က သင့်အပြစ်တွေကို ခွင့်လွှတ်ဖို့ ခက်နေပါ့မလား။ ကိုယ့်ဦးနှောက်ကို သုံးပြီး စဉ်းစားကြည့်လေ။ ဘုရားက သင့်ထက်ကောင်းတယ်။ သင့်လို ရန်ငြိုးမရှိဘူး။ သင့်လို သူတစ်ပါးအပြစ်ကို မှတ်မထားဘူး။ ဘုရားက ကောင်းတယ်ဆိုတာ ဘာပြောတာလဲ။ ကြိမ်ဖန်များစွာ ခွင့်လွှတ်နိုင်စွမ်းရှိတာကို ပြောတာပါ။

ဘုရားက ကောင်းမြတ်လို့ ကျနော်တို့ကို သူ့လိုပဲ ကိုယ်ခန္ဓာနဲ့တကွ သေရာမှပြန်ရှင်ပြီး ကောင်းကင်ဘုံမှာ ထာဝရအသက်ရဖို့ စီစဉ်ထားပါတယ်။ သေရာမှပြန်ရှင်တဲ့ကိုယ်ခန္ဓာက အိုခြင်း၊ နာခြင်း၊ သေခြင်း မရှိတဲ့ကိုယ်ခန္ဓာဖြစ်ကြောင်း သခင်ယေဇူးက တပည့်တော်ကြီးများရှေ့မှာ လက်တွေ့သက်သေပြပါတယ်။ သေရာမှပြန်ရှင်လာတဲ့သခင်ယေဇူးရဲ့ကိုယ်ခန္ဓာက သေရာမှပြန်ရှင်ပေးလိုက်တဲ့ လာဇရုရဲ့ ကိုယ်ခန္ဓာနဲ့တော့ မတူဘူး။ လာဇရုက ပျောက်သွားတဲ့အသက် ပြန်ရလိုက်တာပဲ။ သူ့ကိုယ်ခန္ဓာကတော့ အရင်ကအတိုင်းပဲ။ တနေ့ အိုမယ်၊ နာမယ်၊ သေမယ်။ သေရာမှပြန်ရှင်လာတဲ့သခင်ယေဇူးရဲ့ကိုယ်ခန္ဓာကတော့ ဘယ်တော့မှ မသေတော့ဘူး။

ရှင်ပြန်ထမြောက်တဲ့ယေဇူးဘုရားရှင်ကို ကျနော်တို့က လက်တွေ့ ကိုင်ကြည့်ချင်တယ်။ မြင်ချင်တယ်။ စကားပြောချင်တယ်။ မသိတာတွေ မေးချင်တယ်။ အတူတူ ထိုင်စကားပြောချင်တယ်။ မြန်မာပြည်မှာ အပြစ်မဲ့ပြည်သူတွေ ဒီလောက် ဒုက္ခရောက်နေတာ ကိုယ်တော်က ဘာမျှ မကူညီဘူးလား၊ ဘာလို့ စွန့်ပစ်ထားရတာလဲလို့ ကျနော်က ယေဇူးဘုရားရှင်ကို မေးချင်နေတာ။ ဒါပေမဲ့ ယေဇူးဘုရားရှင်က ကျနော်တို့ အတွေးအခေါ်ထက် ပိုပြီးမြင့်လို့ လူ့မျက်စိနဲ့မြင်နိုင်တဲ့ကိုယ်ခန္ဓာနဲ့ ဒီတစ်နေရာတည်း ၊ ဒီတစ်ချိန်တည်း သင့်အနားမှာရှိဖို့ထက် သင့်အနားမှာ နေ့ရောညပါ တစ်ချိန်လုံး ရှိနေချင်လို့ ဝိညာဉ်တော်အဖြစ်နဲ့ တည်ရှိနေချင်တာပါ။ ယေဇူးဘုရားရှင်က သင့်အနားမှာ တစ်ချိန်လုံးရှိနေသလို လူတွေအားလုံး တစ်ယောက်စီရဲ့အနားမှာလည်း တစ်ချိန်လုံးရှိနေချင်လို့ အခုလို ဝိညာဉ်တော်မြတ်အားဖြင့် ဆက်လက်တည်ရှိနေချင်တာပါ။ ဒါမှသာ သင်ဆုတောင်းတာတွေ အားလုံး ယေဇူးဘုရားရှင်က သင့်ဘေးအနားမှာ ထိုင်ပြီး ကြားနေရသလို သူတစ်ပါးတွေ ဆုတောင်းတာတွေကိုလည်း အဲ့ဒီလို အနီးကပ် ကြားနိုင်တော့မှာပေါ့။

ကျနော်တို့လို ဆန္ဒအတိုင်းပဲ တပည့်တော်ကြီး သောမတ်စ်က ရှင်ပြန်ထမြောက်တဲ့သခင်ယေဇူးကို ကိုင်ကြည့်ချင်တယ် တဲ့။ လက်တွေ့မြင်ရမှ ၊ ကိုင်ကြည့်လို့ရမှ ရှင်ပြန်ထမြောက်တာကို ယုံကြည်နိုင်မယ်တဲ့လေ။ ဒါကို သခင်ယေဇူးက သဘောတူပါတယ်၊ ယုံကြည်နိုင်ဖို့ လက်တွေ့ကိုင်ကြည့်ပါ၊ လက်တွေ့မြင်စေပါတယ်။ မယုံကြည်နိုင်ခင်မှာ သိနားလည်စေဖို့ ဘုရားက သဘောတူပါတယ်။ နားလည်သဘောပေါက်မှ ယုံကြည်ပါ။ ရပါတယ်။ ဒါပေမဲ့ အကန့်အသတ်ရှိတဲ့လူရဲ့ဉာဏ်က အကန့်အသတ်မရှိတဲ့ဘုရားအကြောင်းကို အကုန်အစင်တော့ နားလည်နိုင်မှာ မဟုတ်ပါဘူးနော်။ ဒါကြောင့် ယေဇူးဘုရားရှင်က တပည့်တော်ကြီး သောမတ်စ်

အလိုအတိုင်း ကိုင်ကြည့်ခိုင်းပါတယ်။ ဒီအခါကျမှ တပည့်တော်ကြီး သောမတ်စ်က ယေရှုဘုရားရှင် သေရာမှပြန်ရှင်ကြောင်း ယုံကြည်ဝန်ခံပါတော့တယ်။

ဒါပေမဲ့ အခုလို လက်တွေ့မြင်ရမှ ၊ ကိုင်ကြည့်လို့ ရမှ ယုံကြည်မယ်ဆိုတာကတော့ အဆင့်နိမ့်တဲ့ ယုံကြည်ခြင်းပါပဲ။ လက်တွေ့မြင်ရလို့ ယုံတာကို ယုံကြည်ခြင်းလို့ မခေါ်နိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ လက်တွေ့မြင်နေတာပဲ ဥစ္စာ ၊ ယုံစရာ မလိုပါဘူး။ အဲဒါကို " သိတယ်" လို့ပဲ ခေါ်လို့ရမယ်။ "ယုံတယ်" လို့ ခေါ်လို့ မရပါဘူး။ "ယုံတယ်" ဆိုတာက လက်တွေ့ တော့ မမြင်ရပေမဲ့ လက်ခံတယ်ဆိုမှသာ ယုံတယ်လို့ ခေါ်လို့ရပါတယ်။ ယေရှုဘုရားရှင်က ဖြစ်စေချင်တဲ့ယုံကြည်ခြင်းကတော့ မမြင်ပဲနဲ့ ယုံတဲ့ ယုံကြည်ခြင်းမျိုး ဖြစ်ပါတယ်။ အခုလို ဘုရားကို သတိမရကြတော့တဲ့ ခေတ်ပျက်ကြီးထဲမှာ ဘုရားရှိကြောင်းကို ယုံကြည်ဖို့ ၊ အဲဒီဘုရားက အသက်ပေးနိုင်တဲ့ဘုရား၊ ကားတိုင်တော်ကို ခံထမ်းတဲ့အထိ / အသတ်ခံတဲ့အထိ လူတွေကို ချစ်တဲ့ဘုရားဖြစ်ကြောင်း ယုံကြည်ဖို့ အသဲအသန် အရေးကြီးနေပါပြီ။ အဲဒီလို ယုံကြည်ခြင်းကသာ သင့်အသက်ဝိညာဉ်ကို ထာဝရအသက်ရစေပါတယ်။

နားဆင်သူအားလုံးအပေါ် ဘုရားသခင့် ကောင်းချီးမင်္ဂလာများ ခံစားကြရပါစေ။